လူထုဗဟိုပြု စီမံကိန်း

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း

# တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ လိုက်နာရမည့် အထွေထွေစည်းကမ်းများ



### ဆူညံမှု လျှော့ချပါ

စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာမှာ အခြားလူတွေကို အနှောင့်အယှက် မဖြစ်အောင်၊ ဆူညံမှု အနည်းဆုံး ဖြစ်အောင် စီစဉ်ဆောင်ရွက်ရမယ်။



### မြေဆီလွှာ တိုက်စားမှုမဖြစ်စေရန် ကာကွယ်ပါ

အချို့ဒေသတွေ၊ အထူးသဖြင့် တောင်စောင်းတွေမှာ မြေဆီလွှာတိုက်စားမှုတွေ မဖြစ်စေဖို့ လျှောစောင်းတွေမှာ မြက်ပင်၊ ပေါင်းပင်တွေ စိုက်ပျိုးထားပေးပါ။ တည်ဆောက်ရေးလုပ်ငန်းတွေ၊ တိုင်းတာရေး လုပ်ငန်းတွေကို ခြောက်သွေ့တဲ့ ရာသီဥတုမှာ စီစဉ်ဆောင်ရွက်ပါ။


### လေထုညစ်ညမ်းမှု အန္တရာယ်


တည်ဆောက်ရေး လုပ်ငန်းတွေကြောင့် လေထုညစ်ညမ်းမှု မဖြစ်အောင်၊ ဖုန်မှုန့်တွေ၊ သဲတွေ လွင့်ပါလာတာမျိုး မရှိအောင် မြေကြီးကို ရေဖျန်းထားတာမျိုး၊ ဘိလပ်မြေကဲ့သို့ ပစ္စည်းများကို အဖုံးအကာနဲ့ ဖုံးအုပ်ထားတာမျိုး စီစဉ်ဆောင်ရွက်ရပါမယ်။



### ရေအရင်းအမြစ်များ ထိခိုက်မှု မရှိစေရေး

တည်ဆောက်ရေး လုပ်ငန်းများကြောင့် သောက်သုံးရေ အရင်းအမြစ်များ ထိခိုက်မှုမရှိအောင်၊ ညစ်ညမ်းမှုမဖြစ်အောင်၊ သဘာဝရေစီးကြောင်းများ ပြောင်းလဲမှုမရှိအောင် ဂရုပြု ဆောင်ရွက်ရပါမယ်။ မိလ္လာ၊ အမှိုက်၊ အဆိပ်အတောက်ဖြစ်စေသောအရာများကို ရေထဲသို့ မချရ။




### စွန့်ပစ်ပစ္စည်းများ

လုပ်ငန်းခွင်မှ ထွက်လာသော အမှိုက်များကို အလွယ်တကူ လွှင့်မပစ်ပါနှင့်။ အမှိုက်များကို စုပုံလွှင့်ပစ်မည်ဆိုပါက မြစ်၊ ချောင်း၊ ရေကန်များနှင့် အနည်းဆုံး ပေ ၁၀၀၀ အကွာတွင် လွှင့်ပစ်ပါ။ စက်သုံးဆီများ အသုံးပြုပါက ဆီပေနေသော အဝတ်စများ၊ ဆီစစ်များနှင့် အသုံးပြုပြီးသား ဆီများကို စနစ်တကျ စွန့်ပစ်ပါ။

### ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး

ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားခြင်း၊ လုပ်သားများအတွက် အကာအကွယ်ပစ္စည်းများ အသုံးပြုခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်များကို ကာရံထားခြင်းတို့ ဆောင်ရွက်ပါ။

### အခြား ရှောင်ကြဉ်ရမည့် အချက်များ

လုပ်ငန်းခွင်အနီးတွင်ရှိသော သစ်ပင်များအား ခုတ်လှဲခြင်း၊ သီးနှံများအား ပျက်စီးစေခြင်း၊ အမဲလိုက်ခြင်း၊ တိရစ္ဆာန်နှင့် သစ်ပင်မျိုးများ စုဆောင်းခြင်းတို့ မပြုလုပ်ရပါ။

စံချိန်စံညွှန်းနှင့် မညီသော ပါဝင်ပစ္စည်းများ ဥပမာ- ခဲပါဝင်နှုန်းများသည့် အိမ်သုတ်ဆေးများ မသုံးရပါ။ သမိုင်းဝင် ယဉ်ကျေးမှု အဆောက်အအုံများ ပျက်စီးမှုမရှိစေရန် ဂရုပြုဆောင်ရွက်ပါ။

